Towards Results in Education & English

Funded by: UKaid

# CPD AWARENESS RAISING

# လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ပိုမို သတိမူလာစေခြင်း



## UNIT 4: ASSESSING THE EFFECTIVENESS OF YOUR CPD PLAN

## ယူနစ် ၄။ မိမိ၏ လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်ထိရောက်မှုကို တိုင်းတာခြင်း

**PARTICIPANT'S BOOK**

သင်တန်းသားများအတွက် စာအုပ်

Implemented by:

BRITISH COUNCIL, The Open University, VSO, montrose — Creating pragmatic solutions that make life better

# UNIT 4:

## ASSESSING THE EFFECTIVENESS OF YOUR CPD PLAN

# ယူနစ် ၄။

## မိမိ၏ လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ထိရောက်မှုကို တိုင်းတာခြင်း

**Disclaimer**

This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government’s official policies.

# UNIT 4: ASSESSING THE EFFECTIVENESS OF YOUR CPD PLAN

## OVERVIEW

This is the **final of four units** in a CPD module which aims to raise awareness of the importance of CPD amongst both the Leadership Team and Teacher Educators in the 25 Education Degree Colleges across Myanmar.

CPD Awareness Raising Units:

1. A Shared Understanding of CPD
2. The Benefits of CPD
3. Preparing and Planning for the CPD Framework in your EDC
4. **Assessing the Effectiveness of your CPD Plan**

The aim of this final unit is to consider the importance of monitoring and evaluating CPD plans. Participants will look at a range of practical tools for monitoring and evaluating CPD activities and then apply these tools to the CPD plans which were developed in Unit 3.

## CONTENTS


| Section | Description | Materials | Page |
|---|---|---|---|
| Learning outcomes | Introducing the learning outcomes for the module | | 4 |
| 1. Review / Lead In | 1.1 Review of PMER<br>1.2 Monitoring v's Evaluation | PMER cycle | 6<br>8 |
| 2. M&E Tools for CPD | 2.1 Discussion questions<br>2.2 An Introduction to M&E tools<br>2.3 Using M&E tools in your EDC | Guskey's 5 Levels | 10<br>12 |
| 3. Planning and Practical Application | 3.1 Planning for M&E | CPD Planning templates | 16 |
| 4. Reflection | 4.1 Lessons Learnt<br>4.2 Using the Reflective Log<br>4.3 Some final tips | Reflective Log | 18<br>20 |
| Appendix A | Reflective Log | | 22 |
| Appendix B | Portfolio Assignment | | 24<br>26 |
| References | | | |




# ယူနစ် ၄။ မိမိ၏ လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ထိရောက်မှုကို တိုင်းတာခြင်း

## ခြုံငုံသုံးသပ်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိပညာရေးကောလိပ် ၂၅ ကျောင်းမှ ဦးဆောင်အဖွဲ့များ၊ ဆရာအတတ်သင် သင်တန်း ဆရာ/မများ အတွက် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD)၏ အရေးပါပုံကို ပိုမိုသတိမူလာစေရန် ရည်သန်လျက် ပို့ချမည့် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ဘာသာရပ်ယူနစ်လေးခုမှ စတုတ္ထယူနစ် ဖြစ်ပါသည်။

၁. လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD)အပေါ်ညီတူညီမျှနားလည်ခြင်း
၂. လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD)၏ အကျိုးကျေးဇူး
၃. မိမိ၏ပညာရေး ဒီဂရီကောလိပ်တွင် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD) အညွှန်းဘောင်အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း
၄. မိမိ၏ လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ထိရောက်မှုကို တိုင်းတာခြင်း

ဤနောက်ဆုံးယူနစ်တွင် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု  အစီအစဉ်အား စောင့်ကြည့် လေ့လာမှုနှင့် သုံးသပ်အကဲဖြတ်မှုတို့၏အရေးပါပုံကို စဉ်းစားကြရန်ရည်သန်ပါသည်။ CPD လုပ်ဆောင်ချက်များကို စောင့်ကြည့်လေ့လာပြီး သုံးသပ်အကဲဖြတ်နိုင်မည့် လက်တွေ့နည်းလမ်းအသွယ်သွယ်ကို ကြည့်ကြပြီး ယူနစ် ၃ တွင် ဖော်ဆောင်ခဲ့သည့် CPD အစီအစဉ်များအတွက် လက်တွေ့အသုံးပြုကြပါမည်။

## မာတိကာ


| ကဏ္ဍ | အကြောင်းအရာ | သုံးမည့်ပစ္စည်းများ | စာမျက်နှာ |
|---|---|---|---|
| သင်ယူမှုရလဒ်များ | အခန်းပိုင်း(MODULE)အတွက်<br>သင်ယူမှုရလဒ်များကို မိတ်ဆက်ခြင်း | | ၅ |
| ၁. ပြန်လည်သုံးသပ်/ အစပျိုးခြင်း | ၁.၁ PEMR ကို ပြန်လှန်သုံးသပ်ခြင်း<br>၁.၂ စောင့်ကြည့်လေ့လာခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း | PEMR စက်ဝန်း | ၇<br>၉ |
| ၂. CPD အတွက် စောင့်ကြည့် လေ့လာခြင်း နှင့် သုံးသပ်အကဲဖြတ်ခြင်း | ၂.၁ ဆွေးနွေးရန် မေးခွန်းများ<br>၂.၂ M&E နည်းများ<br>၂.၃ M&E နည်းများကို မိမိ၏ ပညာရေးဒီဂရီကောလိပ်တွင် အသုံးပြုခြင်း | ဂတ်စကီး၏ အဆင့် ၅ ဆင့် | ၁၁<br>၁၃ |
| ၃. အစီအစဉ်ဆွဲမှုနှင့် လက်တွေ့အသုံးချမှု | ၃.၁ M&E အတွက်ပြင်ဆင်ခြင်း | CPD အစီအစဉ်ဆွဲရန် ပုံစံများ | ၁၇ |
| ၄. ပြန်လှန်သုံးသပ်ခြင်း | ၄.၁ ရခဲ့သည့်သင်ခန်းစာများ<br>၄.၂ ပြန်လည်သုံးသပ်မှု မှတ်တမ်းကို အသုံးပြုခြင်း<br>၄.၃ နောက်ဆုံးအကြံပြုခြင်း | ပြန်လည်သုံးသပ်မှုမှတ်တမ်း | ၁၉<br>၂၁ |
| နောက်ဆက်တွဲ (က) | ပြန်လည်သုံးသပ်မှုမှတ်တမ်း | | ၂၃ |
| နောက်ဆက်တွဲ (ခ) | တစ်ဦးချင်းမှတ်တမ်း လုပ်ဆောင်ချက် | | ၂၅ |
| ကျမ်းကိုး | | | ၂၆ |

## LEARNING OUTCOMES

By the end of this unit participants will be able to:

- discuss the importance of monitoring and evaluation
- identify a number of tools which can be used to evaluate CPD activities
- apply appropriate monitoring and evaluation systems to annual CPD plans
- provide feedback on the annual CPD plans developed by your peers.



## သင်ယူမှု ရလဒ်များ

ဤယူနစ်အဆုံးတွင် အောက်ပါတို့ကို လုပ်ဆောင်နိုင်ပါမည်။

- စောင့်ကြည့်လေ့လာခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းတို့၏ အရေးပါပုံကို ဆွေးနွေးခြင်း
- CPDလုပ်ငန်းများကို သုံးသပ်အကဲဖြတ်ရာတွင်အသုံးပြုနိုင်မည့် နည်းလမ်းအသွယ်သွယ်ကို ဖော်ထုတ်ခြင်း
- နှစ်စဉ် CPD အစီအစဉ်နှင့် ဆီလျော်မည့် စောင့်ကြည့်လေ့လာမှုနှင့် သုံးသပ်အကဲဖြတ်မှုစနစ်ကို အသုံးချခြင်း
- သင်တန်းဖော်များ ဆွဲထားသည့် နှစ်စဉ် CPD အစီအစဉ်အပေါ် အချင်းချင်း တုံ့ပြန်ဖြေကြားခြင်း

## 1.1 REVIEW AND LEAD IN

**Task 1:**

Look at these pictures of different bridges. What do they have in common?






Look at the PMER cycle which was introduced in Unit 3.




1. What do you remember about each stage?
2. How do the images of bridges relate to the cycle?



## ၁.၁ ပြန်လည်သုံးသပ်ခြင်း/အစပျိုးခြင်း

**လုပ်ဆောင်ချက် ၁**

တံတားပုံအမျိုးမျိုးကိုကြည့်ပါ။ မည်သည့်တူညီမှုများရှိပါသနည်း။






ယူနစ် ၃ တွင် မိတ်ဆက်ခဲ့သည့် PMER စက်ဝန်းကို ကြည့်ပါ။




၁. အဆင့်တစ်ဆင့်ချင်းအကြောင်းမည်သည်ကိုမှတ်မိပါသနည်း။
၂. တံတားပုံနှင့် စက်ဝန်းတို့ မည်သို့ဆက်စပ်မှု ရှိပါသနည်း။

Notes:

**Task 2:**

The table below describes the features of evaluation and the features of monitoring.

Look at the table and write the heading in the correct column.

| 1. | 2. |
|---|---|
| • looks at the progress made by implementing CPD actions / activities<br>• gathers evidence to show that actions are making a difference<br>• identifies good practice to build on. | Using evidence to judge if:<br>• the CPD programmes /actions / activities are having an impact on teaching and learning<br>• good practice can be shared more widely<br>• any additional CPD priorities should be considered. |

Compare these ideas with the definitions of **monitoring** and **evaluation** in Unit 3.



မှတ်စု

**လုပ်ဆောင်ချက် ၂**

အောက်ပါဇယားတွင် သုံးသပ်အကဲဖြတ်မှုနှင့် စောင့်ကြည့်လေ့လာမှုတို့၏ အသွင်လက္ခဏာများပြထားပါသည်။

ဇယားကိုကြည့်ပြီး ခေါင်းစဉ်ကို ကော်လံအမှန်တွင်ရေးပါ။

| ၁. | ၂. |
|---|---|
| • CPD လုပ်ငန်းနှင့် လုပ်ဆောင်ချက်များကြောင့် ဖြစ်ပေါ်လာသည့် တိုးတက်မှုကို ကြည့်သည်။<br>• လုပ်ငန်းကြောင့် ပြောင်းလဲလာကြောင်း ပြသည့် အထောက်အထားများကို စုဆောင်းသည်။<br>• ထပ်ပိုးတည်ဆောက်ရမည့် အလေ့အကျင့်ကောင်းကို ဖော်ထုတ်သည်။ | အထောက်အထားကိုအသုံးပြုလျက် (အောက်ပါတို့ကို) သုံးသပ်သည်<br>• CPD အစီအစဉ်/ လုပ်ငန်း/လုပ်ဆောင်ချက်များမှ သင်ကြား/သင်ယူမှုအပေါ် အကျိုးသက်ရောက်နေသည်။<br>• အလေ့အကျင့်ကောင်းများကို ပိုမိုကျယ်ပြန့်စွာ ဝေမျှနိုင်သည်။<br>• နောက်ထပ် ဦးစားပေးလုပ်ဆောင်ဖွယ် CPD အစီအစဉ်များကို စဉ်းစားသင့်သည်။ |

ဤအတွေးအမြင်များကို ယူနစ် ၃ စောင့်ကြည့်လေ့လာခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း ဖွင့်ဆိုချက်များဖြင့် နှိုင်းယှဉ်ပါ။

## 2.1 MONITORING AND EVALUATING CPD – DISCUSSION QUESTIONS

According to the CPD Framework for Education Degree Colleges in Myanmar, each EDC will undertake its own assessment of CPD programmes and based on this a review will be undertaken of the implementation of the framework across Myanmar.

In addition, a Quality Assurance management system is to be established in each EDC by 2021 which will consider the quality of CPD programmes and ensure that EDC staff members have appropriate qualifications and skills for HEIs.

**Task**

Work in small groups to discuss the following question:

1. How will you demonstrate that your EDC has met this standard?

2. Look at the following statement.

*The evaluation of the impact of CPD activities is only relevant for teaching staff.*

Given that this is a common misconception, how will you begin to challenge this way of thinking in your EDC?

How can you begin to build in evaluation tools which will consider the impact of CPD on all learners in the school and this relates to ST learning outcomes?



## ၂.၁ CPD ကို စောင့်ကြည့်လေ့လာခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း - ဆွေးနွေးရန် မေးခွန်းများ

မြန်မာနိုင်ငံ ပညာရေးဒီဂရီကောလိပ်များအတွက် CPD အညွှန်းဘောင်အရ ကောလိပ်ကျောင်း တစ်ကျောင်းချင်း မိမိတို့ CPD အစီအစဉ်ကို မိမိတို့ကိုယ်တိုင် စစ်ဆေးအကဲဖြတ်မည်ဖြစ်ကာ ၎င်းစစ်ဆေးချက်ကို အခြေခံလျက် မြန်မာနိုင်ငံတစ်ဝန်း အညွှန်းဘောင်အား အကောင်အထည်ဖော်ပုံကို ပြန်လှန်သုံးသပ်မည်ဖြစ်ပါသည်။
တစ်ဖန် ၂၀၂၁ ခုနှစ်တွင် ဒီဂရီကောလိပ်တစ်ကျောင်းစီတွင် အရည်အသွေးအာမခံမှုစီမံခန့်ခွဲရေးစနစ် တစ်ရပ်ကို ထူထောင်ကာ ကျောင်းဝန်ထမ်းများတွင် အဆင့်မြင့်ပညာသင်ကျောင်းများတွင် ရှိအပ်သည့် သင့်တော်သည့် အရည်အချင်းများရှိမရှိ စိစစ်လျက် CPD အစီအစဉ်၏အရည်အသွေးကို စဉ်းစားမည်ဖြစ်သည်။

**လုပ်ဆောင်ချက်**

အောက်ပါမေးခွန်းကို အဖွဲ့ငယ်များဖွဲ့ပြီး ဆွေးနွေးပါ။

၁. မိမိတို့ ပညာရေးဒီဂရီကောလိပ်မှ ဤစံနှုန်းများ ပြည့်မီပြီဖြစ်ကြောင်း မည်သို့သက်သေပြပါမည်နည်း။

၂. အောက်ပါအဆိုကိုကြည့်ပါ။။

CPD လုပ်ဆောင်ချက်များ၏ အကျိုးသက်ရောက်မှုကို သုံးသပ်အကဲဖြတ်ခြင်းသည် သင်ကြားရေးဝန်ထမ်းများနှင့်သာ သက်ဆိုင်သည်။

ဤအမြင်သည် လွဲမှားနေရာ မိမိ၏ပညာရေးဒီဂရီကောလိပ်တွင် တွေးခေါ်ပုံကို မည်ကဲ့သို့ စတင်မေးခွန်းထုတ်ပါ မည်နည်း။

ကျောင်းတွင်းမှကျောင်းသူ/သားအားလုံးအပေါ် CPD၏အကျိုးသက်ရောက်ပုံကို သုံးသပ်အကဲဖြတ်မည့်နည်းများအား စတင်ဖော်ဆောင်ပြီး ဆရာအတတ်ပညာသင် ကျောင်းသူ/သားများအတွက် သင်ယူမှုရလဒ်များနှင့် မည်ကဲ့သို့ ချိတ်ဆက်နိုင်ပါမည်နည်း။

## 2.2 TOOLS FOR MONITORING AND EVALUATING CPD

**Task 1**

Here are some examples of tools for monitoring and evaluating CPD activities.

Look at each example. Are they familiar or new to you?

Draw a symbol next to each one: ? = I do **not know of** this.

√ = I have **heard of** this.

☺ = I have **tried** this.

| ? √ ☺ | tool |
|---|---|
| | a. End of workshop questionnaire |
| | b. Learning discussion with HoD |
| | c. Peer observation plus follow-up discussion |
| | d. Formally evidenced ST learning outcome with narrative |
| | e. Classroom observation by HoD plus follow-up discussion |
| | f. Review of STs work |
| | g. ST focus group interview or questionnaire |
| | h. Reflective log (see Appendix A) |
| | i. Portfolio (see Appendix B) |
| | j. Analysis of data e.g. ST attendance, performance |
| | k. Learning walk – planned and targeted walk around the EDC |
| | l. Book look – reviewing STs' books to get a picture of learning |
| | m. Book review – detailed looks at STs' books to evaluate progress |

**Task 2**

In Unit 3 we looked at Guskey's 5 levels for evaluating the impact of CPD.

Can you match a tool with each level?

| Guskey's 5 levels | tool |
|---|---|
| 1. TE reaction | |
| 2. TE learning / knowledge | |
| 3. Organisational support and policies | |
| 4. TE use of new knowledge and skills | |
| 5. ST learning outcomes | |



## ၂.၂ CPD ကို စောင့်ကြည့်လေ့လာရန်နှင့် သုံးသပ်အကဲဖြတ်ရန် နည်းများ

**လုပ်ဆောင်ချက် ၁**

အောက်ပါတို့သည် CPD ကို စောင့်ကြည့်လေ့လာရန်နှင့် သုံးသပ်အကဲဖြတ်ရန်နည်းများအတွက် သာဓကအချို့ဖြစ်ပါသည်။

သာဓကတစ်ခုချင်းကို ကြည့်ပါ။ မိမိနှင့် ရင်းနှီးပါသလား သို့မဟုတ် အသစ်ဖြစ်ပါသလား။

တစ်ခုချင်းနံဘေးတွင် သင်္ကေတတစ်ခုဆွဲပါ။ ? = မသိပါ √ = ကြားဖူးပါသည် ☺ = လုပ်ကြည့်ဖူးပါသည်

| ? √ ☺ | နည်းလမ်းများ |
|---|---|
| | a. အလုပ်ရုံဆွေးနွေးပွဲအပြီး စစ်တမ်းမေးခွန်းလွှာ |
| | b. ဌာနမှူးနှင့် သင်ကြားရေးအကြောင်း ဆွေးနွေးခြင်း |
| | c. အချင်းချင်း စောင့်ကြည့်လေ့လာပြီး နောက်ဆက်တွဲ ဆွေးနွေးခြင်း |
| | d. ရှင်းလင်းချက်ပါဝင်သော နည်းလမ်းတကျ သက်သေထူသည့် ဆရာအတတ် ပညာသင် ကျောင်းသူ/သား၏ သင်ယူမှုရလဒ် |
| | e. ဌာနမှူးမှ အတန်းတွင်း ကြည့်ရှု လေ့လာပြီး နောက်ဆက်တွဲ ဆွေးနွေးခြင်း |
| | f. ဆရာအတတ် ပညာသင် ကျောင်းသူ/သားတို့ လုပ်ထားသည်များကို ပြန်လှန်သုံးသပ်ခြင်း |
| | g. ကျောင်းသူ/သားတို့ကို အဖွဲ့လိုက်တွေ့ဆုံ မေးမြန်းခြင်း (focus group interview) သို့မဟုတ် မေးခွန်းလွှာ ဖြေကြားခြင်း |
| | h. ပြန်လည်သုံးသပ်သည့်မှတ်တမ်း (နောက်ဆက်တွဲ က) |
| | i. တစ်ဦးချင်းမှတ်တမ်း (နောက်ဆက်တွဲ ခ) |
| | j. အချက်အလက်စိစစ်သုံးသပ်ခြင်း၊ ဥပမာ ကျောင်းသူ/သားများ ကျောင်းတက်မှု၊ လုပ်ရည် ကိုင်ရည် |
| | k. သင်ယူမှုအတွက် လမ်းလျှောက်ခြင်း - ကောလိပ်တခွင် အစီအစဉ်ချပြီးဦးတည်ချက်ဖြင့် လျှောက်ခြင်း |
| | l. စာအုပ်ကြည့်ခြင်း - သင်ယူမှုအနေအထားကို နားလည်အောင် ကျောင်းသူ/သားတို့၏ စာအုပ်ကို ပြန်လှန်သုံးသပ်ခြင်း |
| | m. စာအုပ်ပြန်လည်သုံးသပ်ခြင်း - တိုးတက်မှုကို သုံးသပ်အကဲဖြတ်ရန် ကျောင်းသူ/သားတို့၏ စာအုပ်ကို အသေးစိတ် ကြည့်ခြင်း |

**လုပ်ဆောင်ချက် ၂**

ယူနစ် ၃-တွင် ဂတ်စကီး၏ CPD အကျိုးသက်ရောက်မှုကို သုံးသပ်အကဲဖြတ်သည့်အဆင့် ၅ ဆင့်ကို ကြည့်ခဲ့ပြီ။

နည်းလမ်းတစ်ခုကို အဆင့်တစ်ခုစီနှင့် တွဲပေးပါ။

| ဂတ်စကီး၏ ၅-ဆင့် | နည်းလမ်းများ |
|---|---|
| ၁. ဆရာအတတ်သင် ဆရာ/မ၏ တုံ့ပြန်မှု | |
| ၂. ဆရာ/မ၏ သင်ယူမှု/အသိပညာ | |
| ၃. အဖွဲ့အစည်း၏ ပံ့ပိုးမှုနှင့် မူဝါဒ | |
| ၄. ဆရာ/မ၏ အသိပညာအသစ်နှင့် ကျွမ်းကျင်မှုအသစ် အသုံးပြုပုံ | |
| ၅. ဆရာအတတ်သင် သင်တန်းသူ/သားတို့၏ သင်ယူမှုရလဒ်များ | |

**Task 3**

Select one activity.

- Observing lessons – to gather evidence about the quality of teaching
- A learning walk – to look at STs' behavior across the school, both in and out of class
- A book look – to gather evidence to create a picture of STs' learning
- Portfolio – a collection of artefacts and reflections that document professional practice and growth

In groups plan how you will go about this.

When will you do this? How often? What exactly will you do? How will you record your findings?

Refer to your Annual CPD plan from Unit 3. Look at the 'evaluation' column and decide where these tools might fit.

Notes:



**လုပ်ဆောင်ချက် ၃**

လုပ်ဆောင်ချက်တစ်ခုကိုရွေးချယ်ပါ။

- သင်ခန်းစာကိုကြည့်ရှုလေ့လာခြင်း - သင်ကြားမှုအရည်အသွေးအထောက်အထား ကောက်ယူခြင်း
- သင်ယူမှုအတွက်လမ်းလျှောက်ခြင်း - တစ်ကျောင်းလုံး အတန်းတွင်း/ပြင် ဆရာအတတ်သင် သင်တန်းသူ/သားတို့၏ အပြုအမူကိုလေ့လာရန်
- စာအုပ်ကြည့်ခြင်း - ဆရာအတတ်သင် သင်တန်းသူ/သားတို့၏ သင်ယူတတ်မြောက်မှုကို ရှင်းရှင်းလင်းလင်း နားလည်စေရန် အထောက်အထားများ စုဆောင်းခြင်း
- တစ်ဦးချင်းမှတ်တမ်း - လုပ်ငန်းအတတ်ပညာ အလေ့အကျင့်၊ တိုးတက်မှုတို့ကို မှတ်တမ်းတင်သည့် ပစ္စည်းပစ္စယနှင့် သုံးသပ်ချက်များ

အဖွဲ့ဖွဲ့ပြီး မည်သို့လုပ်မည်ကို စီစဉ်ပါ။

ဘယ်အချိန်တွင်လုပ်မည်နည်း။ ဘယ်နှစ်ကြိမ်လုပ်မည်နည်း။ ဘာကိုလုပ်မည်နည်း။ တွေ့ရှိချက်ကို မည်ကဲ့သို့ မှတ်တမ်းတင်မည်နည်း။

ယူနစ် ၃ မှ နှစ်စဉ် CPD အစီအစဉ်ကိုကြည့်ပါ။ 'evaluation' (သုံးသပ်အကဲဖြတ်ခြင်း)ကော်လံမှ နည်းလမ်းများ မည်သည့်နေရာတွင် ထည့်ရမည်ကို ဆုံးဖြတ်ပါ။

မှတ်စု

## 3.1 PLANNING FOR M&E

In Unit 3, you started to develop annual CPD plans for your EDCs.

Look back over your plans and think about how you will evaluate them.

Here are some questions to help you focus:

- How will you evaluate your plan? Which tools will you use? Be specific. Don't try to do everything.
- When will you do it? – be clear about time constraints.
- What outcomes do you expect? – remember to keep an accurate record of evidence
- How will you use the outcomes?

Discuss these questions in small groups. Record your answers in the box below:

| Notes: |
| --- |
| |

Work in small groups to complete the 'evaluation' column of your annual CPD plan.

When you have finished, share your plans with another group.



## ၃.၁ စောင့်ကြည့်လေ့လာမှုနှင့် သုံးသပ်အကဲဖြတ်မှုအတွက် ပြင်ဆင်ခြင်း

ယူနစ် ၃ တွင် မိမိ၏ပညာရေးဒီဂရီကောလိပ်အတွက် နှစ်စဉ် CPD အစီအစဉ်ကို စတင်ဖော်ဆောင်ခဲ့ပါသည်။

မိမိအစီအစဉ်ကိုပြန်ကြည့်ပြီး မည်ကဲ့သို့ သုံးသပ်အကဲဖြတ်မည်ဖြစ်ကြောင်း စဉ်းစားပါ။

ဦးတည်စဉ်းစားနိုင်ရန် မေးခွန်းများပေးထားပါသည်။

- မိမိအစီအစဉ်ကိုမည်ကဲ့သို့ သုံးသပ်အကဲဖြတ်မည်နည်း။ မည်သည့်နည်းလမ်းများကို သုံးမည်နည်း။ တိတိကျကျ ပြောပါ။ အများကြီးလုပ်ရန် မကြိုးစားပါနှင့်။
- မည်သည့်အချိန်မှာ လုပ်ပါမည်နည်း။ အချိန်အကန့်အသတ်ကို ရှင်းရှင်းလင်းလင်းပြောပါ။
- မည်သည့်ရလဒ်များ မျှော်လင့်ထားပါသနည်း။ အထောက်အထားမှတ်တမ်း တိတိကျကျ သိမ်းထားပါ။
- ရလဒ်ကိုမည်ကဲ့သို့သုံးပါမည်နည်း။

မေးခွန်းများကို အဖွဲ့ငယ်များဖွဲ့ပြီး ဆွေးနွေးပါ။ အဖြေကိုအောက်ပါအကွက်ထဲ မှတ်သားပါ။

| မှတ်စု |
| --- |
| |

အဖွဲ့လိုက် မိမိ၏နှစ်စဉ် CPD အစီအစဉ်မှ 'evaluation' (သုံးသပ်အကဲဖြတ်ခြင်း)ကော်လံကို ဖြည့်ပါ။

ပြီးလျှင် နောက်တစ်ဖွဲ့နှင့် အစီအစဉ်များ အပြန်အလှန်ပြောကြပါ။

## 4.1 REFLECTION – LESSONS LEARNT

In his article on CPD Leadership, Alex Beauchamp (2020), provides a number of lessons learnt that can be applied to any CPD programme. An adapted version of these lessons is contained in the box below.

1. Your TREE Facilitator will give you 3 principles to discuss in groups:
   - Use your dictionary to check the meaning of any unfamiliar words.
   - Do you think your principles are important? Why / why not?
2. In your group, choose 1 of the 3 principles and think about how you will explain this principle to the other groups.
3. After you have listened to the other groups present their ideas, work alone. Tick ( √ ) the 3 principles you think are most important.

> 1. Prioritise CPD. Leadership Teams should allocate time for Heads of Department to plan, prepare and evaluate CPD programmes.
> 2. Design and deliver CPD based on a cycle of input, practice, peer observation and review, delivered over a sustained period of time.
> 3. Start with the end in mind. Define the change in STs that the EDC wants to achieve (attitudinal, behaviour or academic). Use this to help evaluate your CPD programme.
> 4. Spend time diagnosing problems and exploring solutions. Match the pedagogical strategy to the learning problem
> 5. Plan for the long term. Transformational change in teaching practice takes time.
> 6. Spend time discussing TE misconceptions about learning before launching the CPD programme. For example, is choral drilling an effective learning tool?
> 7. Choose your tools carefully. Which approaches from the CPD FW and which templates and suggestions from the CPD Awareness Raising module will help you to create an effective plan?
> 8. Encourage Leadership Teams to openly support and model the desired learning behaviours and approaches expected of TEs. This will help ideas and CPD approaches to spread quickly throughout your EDC.
>
> adapted from: *https://impact.chartered.college/article/how-retrieval-practice-embedded-classrooms-10-principles-cpd-leadership/*

4. Now work in pairs. Explain your reasons to your partner.



## ၄.၁ ရခဲ့သည့်သင်ခန်းစာများကို ပြန်လည်သုံးသပ်ခြင်း

CPD ဦးဆောင်မှုနှင့် စပ်လျဉ်း၍ အဲလက်စဘိုချမ် (၂၀၂၀)၏ဆောင်းပါးတွင် မည်သည့် CPD အစီအစဉ်တွင်မဆို သုံးနိုင်သည့် သင်ခန်းစာအချို့ပေးထားပါသည်။ ထိုသင်ခန်းစာများကို အောက်ပါအကွက်တွင်း ဆီလျော်အောင်ပြန်လည်ရေးသားထား ပါသည်။

၁. TREE သင်တန်းဆရာ/မမှ အဖွဲ့လိုက် ဆွေးနွေးနိုင်ရန် အခြေခံမူ ၃ ခုပေးပါမည်။
   - မရင်းနှီးသည့် စကားလုံးများကို အဘိဓာန်သုံးပြီး စစ်ဆေးပါ။
   - မိမိ၏ အခြေခံမူများ အရေးကြီးသည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

၂. မိမိအဖွဲ့တွင် အခြေခံမူ ၃ ခုမှ တစ်ခုရွေးချယ်ပြီး အခြားအဖွဲ့များထံ မည်ကဲ့သို့ ရှင်းပြမည်ဖြစ်ကြောင်း စဉ်းစားပါ။

၃. အခြားအဖွဲ့မှ အတွေးအမြင်များတင်ပြသည်ကို နားထောင်ပြီး တစ်ဦးချင်းလုပ်ဆောင်ပါ။ အရေးအကြီးဆုံးဟု ထင်သည့် သဘောတရား ၃-ခုကို အမှန်ခြစ် (√)ပါ။

၄. နှစ်ဦးစီတွဲပါ။ မိမိ၏ အကြောင်းပြချက်များကို မိမိ၏အဖော်အား ရှင်းပြပါ။

> ၁. CPD ကိုဦးစားပေးပါ။ ဌာနမှူးများ CPDကိုစီစဉ်ရန်၊ ကြိုတင်ပြင်ဆင်ရန်နှင့် သုံးသပ်အကဲဖြတ်ရန် ဦးဆောင်အဖွဲ့မှ အချိန် သတ်မှတ်ပေးရပါမည်။
>
> ၂. သင်တန်းပေးခြင်း၊ လေ့ကျင့်ခြင်း၊ အချင်းချင်းကြည့်ရှုလေ့လာခြင်း၊ ပြန်လှန်သုံးသပ်ခြင်းဟူသော စက်ဝန်းပမာ အချိန်ကာလတစ်ခုအတွင်း လုပ်ငန်းလည်ပတ်မှုကို အခြေခံသော CPD ကိုချမှတ်ဖော်ဆောင်ပါ။
>
> ၃. ရလဒ်ကို စတင်တွေးတောပါ။ ဆရာအတတ်သင် သင်တန်းသူ/သားများတွင် ပညာရေးဒီဂရီကောလိပ်မှ ဖြစ်စေ လိုသည့် (သဘောထား၊ အပြုအမူ၊ ပညာရပ်ဆိုင်ရာ)စသည့် အပြောင်းအလဲများကို ဖွင့်ဆိုပါ။ ၎င်းကို အသုံးချပြီး မိမိ CPD အစီအစဉ်ကို အကဲဖြတ်ပါ။
>
> ၄. ပြဿနာများ စိစစ်ခြင်း၊ ဖြေရှင်းချက်များကို စူးစမ်းရှာဖွေခြင်းတို့ကို အချိန်ယူလုပ်ဆောင်ပါ။ သင်ကြားရေးဗျူဟာနှင့် သင်ယူမှုပြဿနာကို တွဲကြည့်ပါ။
>
> ၅. ရေရှည်အတွက် စီစဉ်ပါ။ သင်ကြားရေးအလေ့အကျင့် ပြောင်းလဲရန် အချိန်ယူရပါသည်။
>
> ၆. CPD အစီအစဉ်ကို စတင်မလုပ်ဆောင်မီ ဆရာအတတ်သင် သင်တန်းဆရာ/မတို့၏ လွဲမှားနေသော အယူအဆများ အကြောင်း ဆွေးနွေးပါ။ ဥပမာ သံပြိုင်ရွတ်ဆိုခြင်းသည် ထိရောက်သော သင်ကြားနည်းဖြစ်ပါသလား။
>
> ၇. သုံးမည့်နည်းလမ်းကို သေသေချာချာရွေးချယ်ပါ။ CPD  အညွှန်းဘောင်မှ မည်သည့်ချဉ်းကပ်နည်းများ၊ CPD အား သတိမူမှုမြှင့်တင်သည့်အခန်းမှ မည်သည့်ပုံစံတို့က ထိထိရောက်ရောက် စီစဉ်ရန် အထောက်အကူပြုနိုင်ပါ မည်နည်း။
>
> ၈. ဦးဆောင်အဖွဲ့သည် ဆရာ/မတို့ကိုသုံးစေလိုသည့် သင်ကြားရေးအပြုအမူများ၊ ချဉ်းကပ်နည်းများကို ပွင့်ပွင့်လင်းလင်း ပံ့ပိုးပြီး စံနမူနာပြုရန်။ ဤနည်းအားဖြင့် ပညာရေးဒီဂရီကောလိပ်တစ်ဝန်း အတွေးအမြင်များ၊ CPD ချဉ်းကပ်နည်းများ လျှင်လျှင်မြန်မြန် ပြန့်ပွားစေပါမည်။
>
> https://impact.chartered.college/article/how-retrieval-practice-embedded-classrooms-10-principles-cpd-leadership/ ကိုမှီငြမ်းသည်။

## 4.2 REFELECTION: REFLECTIVE LOG

In section 2.2 you were introduced to the idea of a Reflective Log.

Look at the Reflective Log in Appendix A.

Use your experience of working on Unit 4 to complete the first row of the Reflective Log.

## 4.3 SOME FINAL TIPS

- Promote an open, honest and critical stance in planning, monitoring, reviewing and evaluating teaching and learning in your EDC.
- Establish a range of processes that enable staff to contribute to the overall monitoring and reviewing of the CPD plan.
- Develop expertise of Heads of Department and other senior staff to undertake evaluation and be held accountable for ST outcomes.



## ၄.၂ ပြန်လည်သုံးသပ်မှု မှတ်တမ်းကို အသုံးပြုခြင်း

၂.၂ တွင် ပြန်လည်သုံးသပ်မှု မှတ်တမ်းကို မိတ်ဆက်ခဲ့ပါသည်။

နောက်ဆက်တွဲ က မှ ပြန်လည်သုံးသပ်မှုမှတ်တမ်းကိုကြည့်ပါ။

ယူနစ် ၄ တွင်လုပ်ထားသည့် အတွေ့အကြုံကိုသုံးလျက် ပြန်လည်သုံးသပ်မှုမှတ်တမ်း ပထမအတန်းကို ဖြည့်ပါ။

## ၄.၃ နောက်ဆုံးအကြံပြုချက်များ

- မိမိ၏ပညာရေးဒီဂရီကောလိပ်မှ သင်ကြားရေး/သင်ယူရေး အစီအစဉ်ဆွဲမှု၊ စောင့်ကြည့်လေ့လာမှု၊ ပြန်လှန်သုံးသပ်မှု၊ သုံးသပ်အကဲဖြတ်မှုတို့ လုပ်ဆောင်ရာတွင် ပွင့်လင်း၊ ဖြောင့်မတ်ပြီး ဝေဖန်သုံးသပ်သည့် သဘောထားကို မြှင့်တင်ပေးပါ။
- CPD အစီအစဉ်ကို ခြုံငုံပြီး စောင့်ကြည့်လေ့လာမှု၊ ပြန်လှန်သုံးသပ်မှုများပြုရာတွင် ဝန်ထမ်းတို့က ကူညီလုပ်ဆောင်နိုင်မည့် လုပ်ငန်းစဉ်များ ချမှတ်ပါ။
- ဌာနမှူးနှင့် အခြားအကြီးတန်း ဝန်ထမ်းများက သုံးသပ်အကဲဖြတ်ပေးရန်နှင့် ဆရာအတတ်သင် သင်တန်းသူ/ သားတို့၏ ရလဒ်အတွက် တာဝန်ခံနိုင်ရန် ကျွမ်းကျင်မှုဖွံ့ဖြိုးအောင် လုပ်ဆောင်ပါ။

## Appendix A:

**Ongoing CPD Reflective Log / Learning Log**

| Date | Activity | What I have learned | How will I apply this in my work? | How will this impact on the learning of my STs (or TEs)? |
|---|---|---|---|---|
| | | | | |

from *The CPD Co-ordinator's Toolkit Kelly, S.*



## နောက်ဆက်တွဲ (က)

ဖော်ဆောင်ဆဲ CPD ပြန်လည်သုံးသပ်မှုမှတ်တမ်း/သင်ယူမှုမှတ်တမ်း

| ရက်စွဲ | လုပ်ဆောင်ချက် | သင်ယူတတ်မြောက်ခဲ့သည့်အရာ | မိမိအလုပ်တွင် မည်ကဲ့သို့သုံးမည် | မိမိကျောင်းသူ/သား (သို့မဟုတ် ဆရာအတတ်သင် ဆရာ/မ)၏ သင်ယူတတ်မြောက်မှုအပေါ် မည်သို့အကျိုးသက်ရောက်မည် |
|---|---|---|---|---|
| | | | | |

*The CPD Co-ordinator's Toolkit Kelly, S.* ကို မှီငြမ်းသည်။

## Appendix B: Example of a portfolio

**Portfolio for Teacher Educators (English TEs / Communities of Practice)**

**What is a portfolio?**

A portfolio is one way to provide evidence of achievement linked to your own continuous professional development.

The CPD Framework for EDCs in Myanmar define portfolios as

'collections of credentials, artefacts and reflections that document a staff member's professional practice and growth. Staff members can use the portfolio development process to reflect on and improve their professional practice.' (p. 17)

You can discuss your portfolio with your Head of Department and include the portfolio in your annual CPD plan. Your portfolio is a living document so you can also add more examples of your work each semester to demonstrate your skills and progress.

**How to create a digital portfolio?**

**PART 1**

Select a range of about **5 or 6 examples of tasks** which you feel reflect how your knowledge and teaching practice has developed during semester 2.

Please include a range of **written (e.g. a lesson plan), spoken (e.g. video demonstration) and visual (e.g. poster)** examples. Together with your examples, you could also include comments from your TREE Facilitator or your peers.

Consider a **range of topics** you have studied. Your TREE Facilitator can help you with this, but it may include work you have done on the following topics:

- Adapting content / tasks for online delivery
- Semester 2 English and Pedagogy curriculum:
  - o Reading and Writing at Primary Level
  - o Culture
  - o Literature
  - o Assessment

If you have created posters or handwritten assignments, you can take a photo of these so that you can upload them to your digital portfolio.

When you have selected your tasks, create a contents page with a brief description of each task and your reason for including them in your portfolio. A couple of sentences for each example is fine.



## နောက်ဆက်တွဲ (ခ) တစ်ဦးချင်းမှတ်တမ်းဥပမာ

**ဆရာအတတ်သင် သင်တန်းဆရာ/မ တစ်ဦးချင်းမှတ်တမ်း (အင်္ဂလိပ်စာဆရာ/မ၊ သင်ကြားမှု အလေ့အကျင့် အသိုင်းအဝိုင်း)**

**တစ်ဦးချင်းမှတ်တမ်း(portfolio)ဟူသည်မှာ အဘယ်နည်း။**

တစ်ဦးချင်းမှတ်တမ်းဟူသည်မှာ မိမိ၏ လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်သည့် အောင်မြင်မှု အထောက်အထားများ ပေးနိုင်သည့်နည်းလမ်းတစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံ ပညာရေးဒီဂရီကောလိပ် CPD အညွှန်းဘောင်မှ တစ်ဦးချင်းမှတ်တမ်း (portfolio)ကို အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည်။

'ဝန်ထမ်းတစ်ဦး၏ လုပ်ငန်းအတတ်ပညာဆိုင်ရာအလေ့အကျင့်နှင့် တိုးတက်မှုတို့ကို မှတ်တမ်းတင်ထားသည့် လက်မှတ်များ၊ ပစ္စည်းပစ္စယများ၊ သုံးသပ်မှုများဖြစ်သည်။ ဝန်ထမ်းများမှ တစ်ဦးချင်းမှတ်တမ်းများကို မိမိတို့၏ လုပ်ငန်းအတတ်ပညာဆိုင်ရာ အလေ့အကျင့်အား ပြန်လည်သုံးသပ်ပြီး တိုးတက်စေရာတွင် သုံးနိုင်ပါသည်။ '

တစ်ဦးချင်းမှတ်တမ်းအကြောင်း မိမိဌာနမှူးနှင့် ဆွေးနွေးနိုင်ပြီး မိမိ၏ နှစ်စဉ် CPD အစီအစဉ်တွင် ထည့်သွင်း ထားနိုင်ပါသည်။ သက်ဝင်နေသည့် မှတ်တမ်းဖြစ်သည့်အလျောက် မိမိ၏ကျွမ်းကျင်မှုနှင့် တိုးတက်မှု သာဓကများ သက်သေထားရန် နှစ်ဝက်တိုင်း ထပ်မံထည့်သွင်းရေးသားနိုင်ပါသည်။

**တစ်ယောက်ချင်းဒစ်ဂျစ်တယ်မှတ်တမ်းကိုမည်သို့ဖန်တီးရပါမည်နည်း။**

**အပိုင်း ၁**

ဒုတိယနှစ်ဝက်အတွင်း မိမိ၏ အသိပညာနှင့် သင်ကြားရေးအလေ့အကျင့်တိုးတက်မှုကို ထင်ဟပ်သည်ဟု ယူဆသော လုပ်ဆောင်ချက် **သာဓက ၅-၆** ခုမှ ရွေးချယ်ပါ။

**အရေးအသား (ဥပမာ သင်ခန်းစာအစီအစဉ်) အပြော (ဥပမာ ဗီဒီယိုသရုပ်ပြ) အမြင် (ဥပမာ ပိုစတာ)**စသည့် သာဓကများ ထည့်သွင်းပါ။ ဥပမာများနှင့်အတူ TREE သင်တန်းဆရာ/မနှင့် သင်တန်းသူ/သားအချင်းချင်း၏ မှတ်ချက်များကိုလည်း ထည့်သွင်းနိုင်ပါသည်။

မိမိလေ့လာဖူးသည့် **ခေါင်းစဉ်အမျိုးမျိုး**ကို စဉ်းစားပါ။ TREE သင်တန်းဆရာ/မက ကူညီနိုင်သော်လည်း အောက်ပါ ခေါင်းစဉ်များ အတွက် မိမိလုပ်ခဲ့သည်များလည်း ထည့်သွင်းနိုင်ပါသည်။

- အကြောင်းအရာ/လုပ်ဆောင်ချက်ကို အွန်လိုင်းပို့ချရန်ပြုပြင်ပြောင်းလဲခြင်း
- ဒုတိယနှစ်ဝက် အင်္ဂလိပ်စာနှင့် သင်ကြားရေးနည်း သင်ရိုးညွှန်းတမ်း
  - o မူလတန်းအဆင့် အဖတ်နှင့်အရေး
  - o ယဉ်ကျေးမှု
  - o စာပေ
  - o စစ်ဆေးအကဲဖြတ်

ပိုစတာနှင့် လက်ရေးအဆိုင်းမင်းများ ဖန်တီးခဲ့လျှင် တစ်ဦးချင်းဒစ်ဂျစ်တယ်မှတ်တမ်းအတွင်း ထည့်နိုင်အောင် ဓာတ်ပုံရိုက်ပါ။

လုပ်ဆောင်ချက်များ ရွေးချယ်ပြီးလျှင် မာတိကာစာမျက်နှာတစ်ခုဖန်တီးကာ လုပ်ဆောင်ချက်တစ်ခုစီ ဖော်ပြချက်နှင့် ရွေးချယ်ရသည့်အကြောင်းကို မှတ်တမ်းတွင်ထည့်သွင်းပါ။ ဥပမာတစ်ခုလျှင် ဝါကျတစ်ကြောင်း နှစ်ကြောင်းရေးလျှင်ရပါပြီ။

**PART 2**

How have the Communities of Practice for English TEs prepared you to support your Student Teachers in the delivery of the new English and Pedagogy Curriculum for Semester 2?

You may want to consider the following in your response:

- your knowledge of the new curriculum;
- how confident you feel about delivering it;
- any changes you will make to your own teaching practice when you delivery the new curriculum to your STs.



**အပိုင်း ၂**

သင်ကြားမှုအလေ့အကျင့် အသိုင်းအဝိုင်းသည် အင်္ဂလိပ်စာဆရာ/မများ အင်္ဂလိပ်စာသင်ရိုးသစ်ကို ဒုတိယ နှစ်ဝက်တွင် ဆရာအတတ်သင် သင်တန်းသူ/သားများကို သင်နိုင်အောင် မည်ကဲ့သို့ ကြိုတင်ပြင်ဆင်ပေးပါသနည်း။

ဖြေကြားရာတွင် ထည့်သွင်းစဉ်းစားရန်

- သင်ရိုးသစ်အကြောင်း မိမိ သိရှိနားလည်မှု
- သင်ရိုးသစ်သုံးပြီး သင်ကြားရာတွင် မိမိကိုယ်မိမိ မည်မျှယုံကြည်စိတ်ချသည်
- သင်တန်းသူ/သားများအား သင်ရိုးသစ်ပို့ချရာတွင် မိမိ၏သင်ကြားမှုအလေ့အကျင့်တွင် ပြုလုပ်လိုသည့် အပြောင်းအလဲ

## REFERENCES


Beauchamp, A. *(September 2020) How retrieval practice can be embedded into classrooms using 10 principles of CPD Leadership from* Impact Journal of the Chartered College of Teaching *https://impact.chartered.college/article/how-retrieval-practice-embedded-classrooms-10-principles-cpd-leadership/*

British Council / Connecting Classrooms module on *Planning, monitoring, evaluation and reviewing and self- evaluation*

CPD Framework for Education Degree Colleges in Myanmar

Guskey, T. (2001) *Evaluating Professional Development*. London: Corwin Press

Kelly, S. (2006) *The CPD Co-ordinator's Toolkit.* Paul Chapman Publishing (Chapter 5)

Funded by:

Implemented by:

© Except for third party material, these resources are licensed under a Creative Commons attribution Non-commercial (CC-BY-NC) licence 4.0. This authorises anyone to use these materials as long as they are not used for a commercial purpose and that the following attribution is applied 'These materials were produced as part of the TREE project led by the British Council and funded by FCDO / UKAid. The original materials can be found at *https://www.britishcouncil.org.mm/tree'*